# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

February 23 , 2023 — Volume 63, Number 17


၂၃.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၄.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၃.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၆.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၁.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၄၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၇၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၅၅၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရွှေဆိုင်များ အခေါက်ရွှေ တစ်ကျပ်သား ၂၇၉၀၀၀၀ ကျပ်ဖြင့် တပြေးညီရောင်းချရန် ရန်ကုန်ရွှေအသင်း တိုက်တွန်း

ပြည်တွင်းရွှေဈေးကွက်အတွင်း အရောင်းအဝယ်အေးနေချိန်တွင် အရောင်းအဝယ်ပြုလုပ်သူများအနေဖြင့် အခေါက်ရွှေတစ်ကျပ်သား ၂၇၉၀၀၀၀ ကျပ်နှုန်းဖြင့် တပြေးညီရောင်းဝယ်ကြရန် ရန်ကုန်တိုင်းရွှေအသင်းက ဈေးဖွင့်တိုက်တွန်းလာသည်။

ယခုရက်ပိုင်းအတွင်း ဈေးကွက်တွင် (၂၈) သိန်းအထက် ဈေးဖွင့်ရောင်းချနေသော်လည်း ဈေးကွက်မှာအေးနေသည့်အနေအထားမျိုး ဖြစ်နေချိန်တွင် ရန်ကုန်ရွှေအသင်းက ယခုလိုထုတ်ပြန်လာခြင်းဖြစ်သည်။ ၂၇၉၀၀၀၀ ကျပ်သည် တကယ်ဖြစ်သင့်ဖြစ်ထိုက်တဲ့ဈေးဖြစ်ကြောင်း၊ ကမ္ဘာပေါက်ဈေးနှင့် လက်ရှိရွှေစီးဆင်းမှု၊ ငွေရေးကြေးရေးတွက်ချက်မှုနှုန်းထားများအရ ၂၇၉၀၀၀၀ ကျပ်က ဖြစ်သင့်တဲ့အတွက်ကြောင့် ရွှေကုန်သည်များအနေဖြင့် ဈေးကစားဆွဲတင်ခြင်းများမလုပ်ကြဘဲ ၂၇၉၀၀၀၀ ကျပ်နဲ့သာ အရောင်းအဝယ်ပြုလုပ်ကြပ ါရန် ညှိနှိုင်းတိုင်ပင်ကြသည်။

ယခုရက်ပိုင်းအတွင်း ကမ္ဘာ့ရွှေဈေးမှာ အတက်အကျရှိနေသော်လည်း ပြည်တွင်းရွှေဈေးကွက်အတွင်း၌ ပုံမှန်သာ အရောင်းအဝယ်ဖြစ်နေပြီး ဈေးကွက်အေးနေကြောင်း ရန်ကုန်ရွှေဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးမှာ အနည်းငယ်ကျဆင်းလာပြီး အမေရိကန်ငွေလဲနှုန်း မြင့်တက်နေသေးသည့်အတွက် ပြင်ပရွှေဈေးကွက်ထဲတွင် အကယ်ဒမီမီးလင်းရွှေ တစ်ကျပ်သားကို ၂၈ သိန်းအထက်တွင် ရှိနေခြင်းလည်းဖြစ်သည်။

ယနေ့ ဖေဖော်ဝါရီလ (၂၂)ရက် ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၃၆ ဒေါ်လာဖြစ်ပြီး ရန်ကုန်ရွှေအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာ ၂၁၆၃၀၀၀ ကျပ်ဖြစ်ကြောင်း သိရသည်။

ယနေ့ ဖေဖော်ဝါရီ (၂၂) ရက် ဈေးကွက်အတွင်း ဖြစ်ပေါ်နေသည့် နိုင်ငံခြားငွေငွေလဲနှုန်းမှာလည်း တစ်ဒေါ်လာကို ၂၈၅၀ ကျပ်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=104521

## ကမ္ဘာ့အကြီးဆုံး လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ် RCEP ၌ ဖိလစ်ပိုင်လက်မှတ်ရေးထိုး

ဖိလစ်ပိုင်သည် စံချိန်တင်ငွေကြေးဖောင်းပွမှုနှင့် ရင်ဆိုင်နေရသည့်အခြေအနေ အလုပ်အကိုင်ကောင်းများကို ဆွဲဆောင်နိုင်ရေးနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးသက်သာစွာ ဝယ်ယူနိုင်ရေး မျှော်လင့်ချက်များဖြင့် ဒေသတွင်းဘက်စုံစီးပွားရေး


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူစာချုပ်ကို ဖေဖော်ဝါရီလ ၂၁ ရက် အင်္ဂါနေ့ညတွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ RCEP သဘောတူစာချုပ်ကို အတည်ပြုရန်အတွက် အထက်လွှတ်တော်တွင် အင်္ဂါနေ့က မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၂၀ မဲ၊ ဆန့်ကျင်မဲ ၁ မဲ နှင့် ကြားနေမဲ ၁ မဲဖြင့် စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

RCEP စာချုပ်သည် အာဆီယံ ၁၀ နိုင်ငံအပြင် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့်နယူးဇီလန်တို့ပါ ပါဝင်လက်မှတ်ရေးထိုးထားသော ကမ္ဘာ့အကြီးဆုံး လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ်ဖြစ်သည်။

အဆိုပါသဘောတူညီချက်သည် အဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်မှုပြုသည့်အခါ ကုန်ပစ္စည်းများ၏ အခွန်အကောက်နှုန်းထားကို ၉၂ ရာခိုင်နှုန်းခန့် လျှော့ချထားသည့်အတွက် ကုန်စည်များကို နိုင်ငံတွင်းသို့ ဈေးသက်သာစွာဖြင့် တင်သွင်းဝယ်ယူနိုင်မည်ဖြစ်သည်။

သို့ရာတွင် သမ္မတမားကို့စ်၏ အစ်မဖြစ်သူ လွှတ်တော်အမတ် အိုင်မီမားကို့စ်က ထိုသဘောတူစာချုပ်တွင် ပါဝင်သည့် အချက်များသည် ဖိလစ်ပိုင်နိုင်ငံတွင်း အဆင်းရဲဆုံး လုပ်ငန်းစုတွင်ပါဝင်သော လယ်သမားများအား ထိခိုက်မည်ကို စိုးရိမ်သဖြင့် ဆန့်ကျင်မဲပေးခဲ့သည်။

**Source: Straitstimes**

https://www.popularmyanmar.com/?p=104503

## မော်တော်ယာဉ်အရောင်းပြခန်းများ Brand New ယာဉ်သာ တင်သွင်းရမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတ်မှတ်၊ အာမခံငွေကျပ်သိန်း (၁၀၀၀) ငွေစာရင်းဖွင့်လှစ်ရမည်

မော်တော်ယာဉ်အရောင်းပြခန်း (Show Room) မှာ ရောင်းချဖို့တင်သွင်းလာတဲ့ မော်တော်ယာဉ်တွေက အသုံးမပြုရသေးသော ယာဉ်အသစ် (Brand New) ဖြစ်ရမယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOC) က စည်းကမ်းချက် သတ်မှတ်လိုက်ပါတယ်။

တင်သွင်းလာမယ့် မော်တော်ယာဉ်တွေရဲ့ Model Year က ရောက်ရှိတဲ့ခုနှစ်နဲ့ တစ်နှစ်အောက်နိမ့် မော်ဒယ်နှစ်ဖြစ်ပြီး ဘယ်မောင်းစတီယာရင်ယာဉ်ကိုသာ တင်သွင်းရမယ်လို့ ဖော်ပြထားပါတယ်။ ယာဉ်တွေကို တင်သွင်းတဲ့နေရာမှာ အပ်ကုန်စနစ် (Consignment Basic) အပြင် ငွေလွှဲစာတမ်းနဲ့ ပေးချေတဲ့စနစ် (Letter of Credit – LC) သို့မဟုတ် ကြေးနန်းငွေလွှဲပို့နည်းစနစ် (Telegraphic Transfer – TT) နဲ့ တင်သွင်းနိုင်ပါတယ်။

ယာဉ်တွေကို ခွင့်ပြုထားတဲ့ လိုင်စင်သက်တမ်းကာလအတွင်း ဆိပ်ကမ်း သို့မဟုတ် နယ်စပ်ကုန်သွယ်ရေးစခန်းအရောက် တင်သွင်းရမှာဖြစ်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ ယာဉ်အရေအတွက်နဲ့ နှစ်စဉ်အတည်ပြုထုတ်ပြန်တဲ့ ယာဉ်အမျိုးအစားပဲ တင်သွင်းရမှာပါ။

တင်သွင်းယာဉ်များအတွက် လိုအပ်တဲ့အာမခံမှု၊ အပိုပစ္စည်းများ (Spare Part) ရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပြင်ဆင်မှုများ (After Sale Services) ကို ဆောင်ရွက်နိုင်မယ့် အလုပ်ရုံကိုပါ တည်ထောင်ဆောင်ရွက်ရမယ်လို့ ထုတ်ပြန်ကြေညာပါတယ်။

အရောင်းပြခန်းကနေ ဝယ်ယူအသုံးပြုသူတွေအနေနဲ့ကလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ ဝယ်ယူခွင့်ပါမစ်ရရှိပြီးမှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန) မှာ ကနဦးမှတ်ပုံတင်ခြင်းကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်တဲ့ စည်းကမ်းချက်တွေထဲမှာ မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မယ့်ကုမ္ပဏီအနေနဲ့ အာမခံငွေ (Deposit) အဖြစ် ငွေကျပ် သိန်း (၁၀၀၀) ကို ဘဏ်တစ်ခုခုမှာ သီးခြား ငွေစာရင်းဖွင့်လှစ်ပြီး ထည့်သွင်းသိမ်းဆည်းထားရမယ်လို့ ပါရှိပါတယ်။

**Source: BETV Business**

## အခြေခံဝန်ထမ်းမိသားစုများအတွက် ဧည့်မထဆန်ရောင်းချပေးမည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထုတ်ပြန်



Photo: MRF

ဆန်ဈေးနှုန်းမြင့်တက်မှုအားလျှော့ချနိုင်ရန် စက်ရုံ၊ အလုပ်ရုံနှင့် အခြေခံဝန်ထမ်းမိသားစုများအတွက် ဧည့်မထဆန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ယနေ့ (ဖေဖော်ဝါရီ ၂၂ ရက်)တွင် ထုတ်ပြန်သည်။

အခြေခံအလုပ်သမား၊ ဝန်ထမ်းမိသားစုများသက်သာစေရန် ဧည့်မထ ၁၀ ရာခိုင်နှုန်းအဆင့် 10 KG ငါးပြည်အား ၁၀,၀၀၀ ကျပ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ "အဓိက စက်ရုံအလုပ်ရုံတွေကဝန်ထမ်းတွေ။ သူတို့အတွက် သက်သာတဲ့ဈေးနှုန်းနဲ့ရောင်းချပေးတာပါ။ ဆန်ဖူလုံမှုက ပြည်တွင်းမှာ ၂၀၂၂ မိုးစပါးတင်မဟုတ်ဘူး။ ပြီးခဲ့တဲ့နှစ်ကဆန်အဟောင်းတောင်စားနေတာ။ ဆန်အဟောင်းတောင် ရှိနေသေးတဲ့အတွက် ပြည်သူတွေအနေနဲ့ ပူပန်စိတ်နဲ့ လုယက်ဝယ်တာမျိုးမဖြစ်ဖို့ပါဘဲ" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က စံတော်ချိန်ဒစ်ဂျစ်တယ်သို့ ပြောသည်။

ဆန်ဝယ်ယူမည့်သူများအနေနှင့် ငွေပေးသွင်းဝယ်ယူနိုင်ရန်လည်ကောင်း၊ လိုင်သာယာ၊ ရွှေပြည်သာစက်ရုံများမှ မှာယူမည်ဆိုပါက မှာယူသည့်အိတ်အရေအတွက်အနည်းအများပေါ်မူတည်၍ အရောက်ပို့ခြင်း (သို့မဟုတ်) သတ်မှတ်နေရာတွင် လာရောက်ထုတ်ယူခြင်းများကို စီစဉ်ဆောင်ရွက်နိုင်ရန် ဖုန်းနံပါတ် ၀၉၄၀၀၀၆၇၂၇၀ နှင့် Viber နံပါတ် ၀၉၄၀၀၀၆၇၂၆၀ သို့ဆက်သွယ်နိုင်ကြောင်း၊ အခြားဆန်မျိုးအစားများကိုဝယ်ယူလိုပါကလည်း ဝါးတန်းလမ်းရှိ ဆန်စပါးကုန်စည်ဒိုင်နှင့် ဘုရင့်နောင်ဆန်စပါး ကုန်စည်ဒိုင်တို့တွင် နေ့စဉ်ဝယ်ယူရရှိနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သတင်းထုတ်ပြန်ထားသည်။ "အရင်က ရက် ၉၀ အသစ်တစ်ပြည်ကို နှစ်ထောင်တောင်မရှိဘူး။ အခုဆိုတစ်ပြည်ကို သုံးထောင်ဖြစ်နေလို့ မစားနိုင်တော့ဘူး။ အဲဒီထက်ဈေးနည်းတဲ့ ဧည့်မထဆန်ကိုပြောင်းစားနေရတယ်။ အခြေခံလူတန်းစားများတဲ့ မြို့တွေမှာ လိုက်ရောင်းပေးစေချင်တယ်" ဟု ကုမ္ပဏီဝန်ထမ်းတစ်ဦးက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ပြောသည်။

ယနေ့ (ဖေဖော်ဝါရီ ၂၂ ရက်) ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ၈၀၀၀၀ ကျပ်မှ ၈၇၀၀၀ ကျပ်၊ ပေါ်ဆန်းရှယ် ၆၈၀၀၀ ကျပ်မှ ၇၀၀၀၀ ကျပ်၊ မြောင်းမြပေါ်ဆန်း ၇၂၀၀၀ ကျပ်မှ ၇၅၀၀၀ ကျပ်၊ ကြာပျံရှယ် ၇၃၀၀၀ ကျပ်မှ ၇၅၀၀၀ ကျပ်၊ ရက် ၉၀ ရှယ်(သစ်/ဟောင်း) ၅၇၀၀၀ ကျပ်မှ ၆၀၀၀၀ ကျပ်နှင့် ခွဲနီရှယ်(သစ်) ၆၂၀၀၀ ကျပ်မှ ၆၃၀၀၀ ကျပ်နှင့် ဧည့်မထ ၅၄၀၀၀ ကျပ်မှ ၅၆၀၀၀ ကျပ်ထိ ပေါက်ဈေးရှိကြောင်း ဆန်စပါးကုန်သည်များအသင်းက ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် စက်ရုံ၊ အလုပ်ရုံများ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ဝင်ငွေနည်းပါးသည့် မိသားစုများထံ ၁၀ ရာခိုင်နှုန်းအဆင့် 10 KG ဧည့်မထဆန် ငါးပြည်ပါတစ်အိတ်ကို ကျပ်တစ်သောင်းနှုန်းဖြင့် ဆန်အိတ်ပေါင်း ၂၁၆,၆၀၀ အိတ်ရောင်းချပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## ပြည်တွင်း ဆန်စပါးဈေးကွက်၏ ဝယ်လိုအား၊ ရောင်းလိုအား များနေ၍ လတ်တလောဈေးနှုန်းများ မြင့်တက်နေသော်လည်း ပြန်လည်ကျဆင်းနိုင်ကြောင်း ဆန်စပါးအသင်းချုပ်က သုံးသပ်

ပြည်တွင်း၌ ဆန်ဈေးနှုန်း စံချိန်တင်မြင့်တက်မှုများ ဖြစ်ပွားနေသော်လည်း မြန်မာနိုင်ငံအနေဖြင့် ဆန်နှင့်ပတ်သက်၍ စိုးရိမ်စရာအခြေအနေမရှိကြောင်း၊ လက်ကျန်စပါး/ဆန် လုံလုံလောက်လောက်ရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလဆန်းပိုင်းမှ စတင်ကာ ပြည်တွင်းဆန်ဈေးကွက်၌ ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်နေသော်လည်း ဆန်ပြတ်လပ်မည်ကို စိုးရိမ်စရာမလိုသည့်အပြင် ပြည်တွင်း၌ဆန်လုံလောက်မှုရှိကြောင်း၊ ဈေးကွက်ဝယ်လိုအား၊ ရောင်းလိုအားများ များနေခြင်းတို့ကြောင့်သာ ယခုလိုဖြစ်နေကြောင်းနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းမှုဖြင့် ဆန်စပါးဈေးကွက် တည်ငြိမ်စေရန် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်

က ပေါ်ပြူလာနယူး(စ်) သို့ ပြောသည်။ "မြန်မာနိုင်ငံအနေနဲ့က ဆန်က ဘယ်လိုမှစိုးရိမ်စရာမရှိဘူး။ ဆန်နဲ့ပတ်သက်ရင် ဖူလုံမှုနဲ့ပိုလျှံမှုက အပြည့်အဝရှိတယ်၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းမှုဖြင့် လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်နေပြီ ဖြစ်တယ်" ဟု ဦးရဲမင်းအောင်ကပြောသည်။

ပြည်တွင်းဆန်ဈေးကွက်တွင် ဈေးကစားခြင်း၊ ကောလာဟလသတင်းဖြန့်ခြင်းများအပြင် ဆန်ကုန်သည်အချို့၏ ဆန်ဝယ်ယူစုဆောင်းမှုများကြောင့် ဆန်ဈေးနှုန်းများမှာ အမျိုးအစားနှင့် နေရာဒေသအလိုက် ကျပ် ၁၅၀၀၀ ဝန်းကျင်မှ ကျပ် ၂၀၀၀၀ ကျော်အထိ မြင့်တက်နေခြင်းဖြစ်သည်ဟု ကြားသိရသည်။

လက်ရှိတွင် ဆန်ဈေးနှုန်း ထိန်းချုပ်နိုင်ရန် အစိုးရနှင့်ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်နေပြီး ဈေးကစားသူများအား ရှာဖွေဖော်ထုတ်ကာ ပညာပေးခြင်းနှင့်တိုက်တွန်းစည်းရုံးခြင်းတို့ကိုသာ ဆောင်ရွက်နိုင်ကြောင်း၊ သို့ရာတွင် ၂၀၂၀ ပြည့်နှစ် ကိုဗစ်စတင်ဖြစ်ချိန်တွင် စားသောက်ကုန်စည်များကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ထား၍ ဆန်စပါးသည် အရေးကြီးကုန်စည်ဖြစ်နေကြောင်း၊ အရေးကြီးကုန်စည်ဥပဒေနှင့် အရေးယူနိုင်၊ မနိုင်ဆိုသောကိစ္စမှာ နိုင်ငံတော်အစိုးရ၏ သုံးသပ်ရှုမြင်ဆောင်ရွက်မှုအပေါ်မူတည်ပြီး အသင်းအနေဖြင့် စည်းကမ်းလိုက်နာဖို့၊ ဥပဒေလိုက်နာဖို့ စည်းရုံးခြင်း၊ အသိပညာပေးခြင်း၊ ဈေးကွက်အတွင်း ထုတ်ရောင်းပေးခြင်းစသည်တို့ကို ပိုမိုဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း ဦးရဲမင်းအောင်က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့လစဉ်ဆန်တင်ပို့မှု တန်ချိန်(၂) သိန်းဝန်းကျင် ဆောင်ရွက်နေရာ လတ်တလော ဖြစ်ပေါ်နေသည့် ဆန်ဈေးမတည်ငြိမ်မှုကို ထိန်းညှိနိုင်ရန် ယခုဖေဖော်ဝါရီလနှင့် လာမည့်မတ်လအတွင်း ဆန်တန်ချိန် (၁) သိန်းခွဲစီ နှင့် နှစ်လပေါင်း တန် (၃) သိန်းသာတင်ပို့ရန် အခြေအနေရှိကြောင်းလည်းသိရသည်။ “ဆန်တင်ပို့မှုက နှစ်စဉ်ရည်မှန်းချက် target ထားပြီးလုပ်တာပါ၊ ပြည်တွင်းဖူလုံမှုကို သေချာစွာတွက်ချက်ပြီး ပိုလျှံတာကိုတင်ပို့ခြင်းဖြစ်ပါတယ်။ ယခု ၂၀၂၂-၂၃ ဘဏ္ဍာနှစ်မှာ တန် ၂.၂ သန်း တင်ပို့ဖို့မှန်းထားခဲ့ပါတယ်၊ ဇန်နဝါရီလကုန်အထိ တန် ၁.၉ သန်း တင်ပို့ထားပြီဖြစ်၍ ဘဏ္ဍာနှစ်ကုန် မတ်လကုန်အထိ နောက်ထပ် တန် (၃) သိန်းကို ဖေဖော်ဝါရီနဲ့မတ်လမှာ တင်ပို့ဖို့စီစဉ်တာပါ” ဟု ဦးရဲမင်းအောင်က ပြောပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့်လည်း စက်မှုဇုန်စက်ရုံအလုပ်သမားများနှင့် ဝင်ငွေနည်းဝန်ထမ်းများအား သက်သာသောဈေးဖြင့် ဆန်ဖြန့်ဖြူးရောင်းချပေးရန်စီစဉ်လျက်ရှိပြီး မကြာမီဆန်ဈေးပြန်ကျဆင်းနိုင်သည်ဟု သုံးသပ်ကြောင်းသိရသည်။

**Source: MRF**

## လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းကို ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအဖြစ် MIC သတ်မှတ်

ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ လျှပ်စစ်သုံးယာဉ်နဲ့ ဆပ်စပ်လုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ဦးစားပေးမြှင့်တင်မယ့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေအဖြစ် သတ်မှတ်လိုက်ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၄၃ နဲ့ ပုဒ်မ ၁၀၀ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး သတ်မှတ်လိုက်တာလို့ ကြေညာပါတယ်။

လုပ်ငန်း/ကဏ္ဍတွေထဲမှာ လျှပ်စစ်သုံးယာဉ်အမျိုးမျိုး တပ်ဆင်/ထုတ်လုပ်/ပြုပြင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၊ အားဖြည့်သွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘက်ထရီထုတ်ခြင်းနဲ့ ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ၊ လျှပ်စစ်သုံး ဘတ်စ်ကားပြေးဆွဲခြင်း၊ လျှပ်စစ်သုံးအငှားယာဉ် (Taxi) နဲ့ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းတွေ ပါဝင်ကြောင်း ဖော်ပြထားပါတယ်။

လျှပ်စစ်သုံးယာဉ်နဲ့ ဆက်စပ်လုပ်ငန်းတွေထဲမှာ CKD ၊ SKD စနစ်နဲ့ HEV (Hybrid Electric Vehicle) ၊ PHEV (Plug-in Hybrid Electric Vehicle) ၊ BEV (Battery Electric Vehicle) ၊ FCEV (Fuel Cell Electric Vehicle) စတဲ့ ယာဉ်အမျိုးမျိုး တပ်ဆင်/ထုတ်လုပ်ခြင်းတွေ ပါဝင်တယ်လို့ ဖော်ပြထားပါတယ်။

ထို့အပြင် လျှပ်စစ်သုံးယာဉ် ကိုယ်ထည်အစိတ်အပိုင်း၊ ဆက်စပ်ပစ္စည်းနဲ့စက်ကိရိယာများ၊ ပြုပြင်ထိန်းသိမ်းခြင်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ၊ နှစ်ဘီးတပ်ယာဉ်အမျိုးမျိုးနဲ့ ဆက်စပ်ပစ္စည်း/စက်ကိရိယာများ၊ လျှပ်စစ်နဲ့ဒီဇယ်-လျှပ်စစ် မီးရထား စက်ခေါင်း၊ အားသွင်းခြင်းဆိုင်ရာစတဲ့ ဆက်စပ်ပစ္စည်းစက်ကိရိယာ အစိတ်အပိုင်းများထုတ်လုပ်ခြင်းတွေ ပါဝင်နေပါတယ်။

ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေမှာ အကျုံးဝင်တဲ့လုပ်ငန်းတွေက တည်ထောင်တဲ့ကာလ (သို့မဟုတ်) လုပ်ငန်း ပြင်ဆင်မှုကာလအတွင်း အမှန်တကယ်လိုအပ်မှုကြောင့် ပြည်ပကနေတင်သွင်းရတဲ့ ဆက်စပ်ပစ္စည်းတွေအပေါ် အကောက်ခွန်နဲ့အခြားအခွန်တွေ ကင်းလွတ်ခွင့်လျှောက်ထားနိုင်တယ်လို့ MIC က အသိပေးထားပါတယ်။

**Source: BETV Business**

## ဖရဲကားများအဝင်နည်းကာ ဝယ်လိုအားမြင့်နေ




လက်ရှိ တရုတ်ဘက်သို့ မြန်မာ့ဖရဲကားများအဝင်နည်းကာ ဝယ်လိုအားမြင့်နေကြောင်း ဖရဲတင်ပို့ရောင်းချနေသည့် ကုန်သည်များထံမှသိရသည်။

တရုတ်ဘက်အခွန်ရုံးမှာ အခွန်စနစ် Level Two သို့ အဆင့်ထပ်မြှင့်ပြောင်းနေခြင်းကြောင့် မြန်မာ့ ဖရဲ၊ သခွား ပို့ကုန်ကားများ အဝင်နှေးစေခဲ့ပြီး ယခင် ရှန်တိန်စနစ်ပယ်ဖျက်ကာ လက်ရှိ မြန်မာတရုတ် နယ်စပ်သွားလာခွင့် စာအုပ်အနီ ကိုင်ဆောင်ထားသူသာ တိုက်ရိုက်မောင်းခွင့်ပေးလိုက်သောကြောင့် တရုတ်ဘက်သို့ ကားအဝင်နည်းသွားကြောင်းသိရသည်။

ထို့ကြောင့် လတ်တလော မူဆယ်သစ်သီးဝလံဈေးကွက်မှာ ဖရဲ၊ သခွားဈေးတွကတော့ ဝယ်လိုအားများပြီး ရောင်းလိုအား နည်းနေတာကြောင့် ဈေးကောင်းရနေကြောင်းလည်း ကုန်သည်တချို့ထံမှသိရသည်။ “လက်ရှိက လော့ဒေါင်းတွေစတဲ့ ကန့်သတ်ချက်တွေ အကုန်နီးပါးဖြေလျှော့လိုက်တော့ အခုနောက်ပိုင်း ဝယ်လက်တွေတော့လာကြတယ်” ဟု မူဆယ်၁၀၅မိုင် သစ်သီးဝလံကုန်စည်ဒိုင်တာဝန်ခံ ဒေါ်ရီရီခိုင်ကပြောသည်။

တရုတ်ဘက်မှ ပို့ကုန်၊ သွင်းကုန်စနစ်များ မကြာခဏအပြောင်းအလဲလုပ်နေခြင်းကြောင့် နယ်စပ်ကုန်သွယ်ရေး ကြန့်ကြာစေပြီး ကုန်တင်ယာဉ်မောင်းများနှင့် လုပ်ငန်းရှင်တောင်သူများပါ အဆင်မပြေဖြစ်ရကြောင်း ပို့ကုန်လုပ်ငန်းရှင်များ ကပြောသည်။ “တရုတ်ဘက်က အခွန်ရုံက စနစ်တွေပြောင်းတော့ ဖရဲကားတွေ အစီးရေတွေ အများကြီးသောင်တင်ခဲ့ သေးတယ်။ အခုတရုတ်ဘက်ကို ယာဉ်မောင်းတိုက်ရိုက်မောင်းခွင့်ပေးလိုက်ပေမဲ့ စာအုပ်အနီကိုင်ဆောင်ထားတဲ့သူပဲ မောင်းခွင့်ပေးတာ စနစ်တွေအမျိုးမျိုးပြောင်းနေတော့တာပဲ ကုန်သွယ်မှုကြန့်ကြာတယ်။ နယ်စပ်ကုန်သွယ်ရေး ကုန်သည် ကားသမား ဒုက္ခရောက်တာပေါ့”ဟု ဖရဲတင်ပို့နေသည့် ကုန်သည်တစ်ဦးကပြောသည်။

ပြီးခဲ့သည့် နှစ်များက ယခုအချိန်တွင် တရုတ်ဘက်သို တစ်နေ့လျှင် ဖရဲကားအစီးရေ ၃၀၀ ခန့်ထိ ဝင်ရောက် နိုင်ခဲ့ပြီး လက်ရှိတွင် ဖရဲသခွါးကားအစီးရေပျမ်းမျှ ၁၀၀ ပတ်ဝန်းကျင်သာရှိကြောင်းသိရသည်။ တခြားနိုင်ငံများမှလည်း တရုတ်နိုင်ငံဘက်သို့ သစ်သီးအဝင်များရှိနေသောကြောင့် အရည်အသွေး၊ ဈေးကွက်တွေယှဉ်ပြိုင်မှုများရှိကာ မြန်မာဘက်မှ ဈေးကွက် ထိန်းနိုင်ရန် အရည်အသွေးကောင်းအသီးများသာ တင်ပို့သင့်ကြောင်းသိရသည်။

ယခုနှစ် ဖရဲဈေးကွက် မသေချာခဲ့သည့်အတွက် ယခင်တစ်ရာ ရာခိုင်နှုန်းအပြည့်စိုက်သည့်သူများမှာ ၅၀ ရာခိုင်နှုန်း ခန့်တောင် မရှိတော့သည့်အတွက် စိုက်ပျိုးနှုန်းကော အထွက်နှုန်းကော လျော့ကျကြောင်းသိရသည်။ တချို့ကုန်သည်များမှာ သယ်ယူပို့ဆောင်စရိတ်များ ကြီးမြင့်နေသည့်အတွက် ပြည်တွင်းဈေးကွက်ကိုသာ အားထားရောင်းချနေကြောင်းသိရသည်။

လက်ရှိ ဖရဲသီး ထဲန်ဝမ်က တစ်တန်ကို ၅၀၀၀မှ ၅၃၀၀ ယွမ်ရှိေနပြီး ရွှေသခွားကတော့ တစ်တန်ကို ယွမ် ၇၀၀၀ မှ ၇၂၀၀ ကြားနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ အနိမ့်ဆုံးတစ်တန်ကို ယွမ် ၂၀၀၀ နီးပါးဈေးမြင့်တက်လာပါတယ်။

Source: AMIA

https://t.me/htwettoe

# STOCK EXCHANGE (23.2.2023)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 23rd Feb. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,261 (Shares) | 21,505,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -100 | -1.18% | 8,500 | 8,500 | 8,400 | 70 | 588,400 | 33,109,694 | 278,121 |
| MTSH | 00002 | 3,000 | -100 | -3.23% | 3,050 | 3,050 | 3,000 | 5,694 | 17,351,450 | 38,929,150 | 116,787 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 10 | 76,000 | 10,400,986 | 79,047 |
| FPB | 00004 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,700 | 604 | 1,027,500 | 29,664,613 | 51,913 |
| TMH | 00005 | 2,600 | +50 | +1.96% | 2,550 | 2,600 | 2,550 | 803 | 2,070,450 | 12,823,224 | 33,340 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 80 | 392,000 | 10,497,598 | 51,438 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 23rd Feb. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.03 | -3.47 | -0.91% | 379.24 | 379.24 | 374.82 | 7,261 | 21,505,800 | 7 | 662,587 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 23rd Feb. 2023

| Trading Volume | Trading Value |
|---|---|
| 7,261 (Shares) | 21,505,800 (MMK) |

## Main Board

As of 1:00 pm, 23rd Feb. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,261 (Shares) | 21,505,800 (MMK) |

| MYANPIX | 376.03 ▼ 3.47 |
|---|---|
| Total Volume (shares) | 7,261 |
| Total Value (MMK) | 22 mil |
| Listed Company | 7 |
| Market Cap. (MMK) | 662,587 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 100 |
| MTSH | 00002 | 3,000 | ▼ 100 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 50 |
| TMH | 00005 | 2,600 | ▲ 50 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |